ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျိန်းယန်းတုံကျေးရွာ၊ကျိန်းယန်းတုံကျေးရွာအုပ်စု၊မူဆယ်မြို့နယ်

ရက်စွဲ၊ ၂၀၂၁ ပြည့်နှစ်၊ ဇွန် လ ရက်

# မာတိကာ


စာမျက်နှာ

မာတိကာ (၁-၄)

စကားချီ (၅-၅)

လုံကာကျေးရွာ သယံဇာတပြမြေပုံ၊ ရာသီခွင်ပြဇယား၊ ကျေးရွာတွင်း/ ပြင်အဖွဲ့အစည်း ချိတ်ဆက်ပြပုံ

ဖွံ့ဖြိုးရေးဗျူဟာဇယား

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

၁။နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု (၆-၈)

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ (၈-၈)

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ (၈-၉)

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်ကျွမ်းကျင်မှုများ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမရေးရာကိစ္စဆိုင်ရာ

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ (၉-၁၁)

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအားသတင်းနှင့်ဆက်သွယ်ရေး

(စ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး
၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများအဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ (၁၁-၁၂)
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု
၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ (၁၂-၁၄)
(က) အကောင်အထည်ဖော်နည်းဗျူဟာ
(ခ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ဂ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး
(ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ
(င) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်း
၇။ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ (၁၄-၁၅)
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၈။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် (၁၅-၁၅)
၉။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ (၁၅-၁၆)
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၀။စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း (၁၆-၁၇)
(က) ကြီးကြပ်စစ်ဆေးခြင်း
နည်းပညာဆိုင်ရာအကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ
လူမှုစီးပွားရေးအခြေအနေ
ဇယား၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား၃ လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
ဇယား၁၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား၁၆ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ
ဇယား၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား၂၆ ရွှေ့ပြောင်းအလုပ်သမားများမှ ပြန်ပို့ငွေ
ဇယား၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ ကျောင်းတက်နှုန်း
ဇယား၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား၃၄ အဖြစ်များသောရောဂါများ

ဇယား၃၅	လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား၃၆	ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား၃၇	သောက်သုံးရေရရှိနိုင်မှု
ဇယား၃၈	အိမ်သာအမျိုးအစား
ဇယား၃၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား၄၀	ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား၄၁	ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား၄၂	ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား၄၃	သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား၄၄	လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား၄၅	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား၄၆	ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား၄၇	ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု
ဇယား၄၈	မှုခင်းဖြစ်ပွားမှု အခြေအနေ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁-၂၀၂၂ခုဘဏ္ဍာရေးနှစ်မှ၂၀၂၆-၂၀၂၇ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါ

ဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ကိန်းဂဏန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
ကျိုန်းယန်းတုံကျေးရွာ<br>
မူဆယ်မြို့နယ်

ရက်စွဲ။၂၀၂၂ ခုနှစ် ဇွန် လ ရက်

## မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကျိန်းယန်းတုံကျေးရွာအုပ်စု၊ ကျိန်းယန်းတုံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးစိုင်းစိန်ဝင်း | ဦးအိုက်ပန်းအောင် | ၁၃/မဆတ(နိုင်) ဝ၄၈၁၉ဝ | ၃၃ | ဥက္ကဌ | ဝ၉-၆၆၃၄၄၈၃၄၆ | |
| ၂ | ဒေါ်နန်ခမ်းခင် | ဦးစိုင်းအိုက်အောင် | ၁၃/ပဆတ(နိုင်) ဝဝဝ၃၂၂ | ၂၄ | အတွင်းရေးမှူး | ဝ၉-၆၈၇၉၁၉၂ဝ၇ | |
| ၃ | ဦးစိုင်းအုန်းမြင့် | ဦးဆမ်ခွန် | ၁၃/ပဆတ(နိုင်) ဝဝဝ၃၄၁ | ၂၂ | ဘဏ္ဍာရေးမှူး | ဝ၉-၆၇၈၈၆၇၁၈၇ | |
| ၄ | ဒေါ်နန်းခမ်းနွံ | ဦးစိုင်းထွန်း | ၁၃/ပဆတ(နိုင်) ဝဝဝ၃၉၄ | ၂၂ | စာရင်းကိုင် | ဝ၉-၆၆ဝ၄၇၇၂ဝ၅ | |
| ၅ | ဒေါ်နန်းအမ်ငွေ | ဦးစိုင်းဆိုင် | ၁၃/ပဆတ(နိုင်) ဝဝဝ၃၂၁ | ၂ဝ | သော့ကိုင်-၁ | ဝ၉-၆၉၆၅၄၈၃၅၈ | |
| ၆ | ဦးစိုင်းနွန်မိုင်း | ဦးမိုင်းအိုက်လှဝင်းကျော် | ၁၃/မဆတ(နိုင်) ဝ၅၂၆၂ဝ | ၂၅ | သော့ကိုင်-၂ | ဝ၉-၆၈၃၈၄၄၆၉၁ | |
| ၇ | ဦးစိုင်းအောင်လိုင်း | ဦးယီပူး | ၁၃/ပဆတ(နိုင်) ဝ၆ဝဝဝ၁ | ၂၅ | အဖွဲ့ဝင် | ဝ၉-၆၉၃၅၄၂၄၇၇ | |

## မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကျိန်းယန်းတုံကျေးရွာအုပ်စု၊ ကျိန်းယန်းတုံကျေးရွာ၊ ဝယ်ယူရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးစိုင်းနွန်မိုင်း | ဦးမိုင်းအိုက်လှဝင်းကျော် | ၁၃/မဆတ(နိုင်) ဝ၅၂၆၂ဝ | ၂၅ | ဥက္ကဌ | ဝ၉-၆၈၃၈၄၄၆၉၁ | |
| ၂ | ဒေါ်နန်ခမ်းခင် | ဦးစိုင်းအိုက်အောင် | ၁၃/ပဆတ(နိုင်) ဝဝဝ၃၂၂ | ၂၄ | စာရင်းကိုင် | ဝ၉-၆၈၇၉၁၉၂ဝ၇ | |
| ၃ | ဦးစိုင်းအောင်လိုင်း | ဦးယီပူး | ၁၃/ပဆတ(နိုင်) ဝ၆ဝဝဝ၁ | ၂၅ | ဘဏ္ဍာရေးမှူး | ဝ၉-၆၉၃၅၄၂၄၇၇ | |

ကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

မူဆယ်မြို့နယ်၊ကျိန်းယန်းတုံကျေးရွာအုပ်စု၊ကျိန်းယန်းတုံကျေးရွာ

| စဉ် | စီမံချက်လုပ်ငန်းအမည် | အဖွဲ့ (၁) | အဖွဲ့ (၂) | အဖွဲ့ (၃) | အဖွဲ့ (၄) | အဖွဲ့ (၅) | အဖွဲ့ (၆) | အဖွဲ့ (၇) | စုစုပေါင်း ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀ | ၈ | ၉ | ၉ | ၉ | | | ၄၅ | ၁ |
| ၂ | ကျေးရွာပတ်လမ်းဖောက်လုပ်ခြင်း | ၈ | ၆ | ၈ | ၆ | ၇ | | | ၃၅ | ၂ |
| ၃ | ဓမ္မာရုံဆောက်လုပ်ခြင်း | ၇ | ၈ | ၈ | ၅ | ၆ | | | ၃၄ | ၃ |
| ၄ | ဆေးပေးခန်းဆောက်လုပ်ခြင်း | ၆ | ၂ | ၇ | ၉ | ၇ | | | ၃၁ | ၄ |
| ၅ | ကျေးရွာခန်းမဆောက်လုပ်ခြင်း | ၅ | ၄ | ၇ | ၉ | ၇ | | | ၃၂ | ၅ |
| ၆ | ရွာတွင်းလမ်းရေမြောင်းတူးဖော်ခြင်း | ၅ | ၃ | ၇ | ၉ | ၇ | | | ၃၁ | ၆ |
| ၇ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၅ | ၃ | ၇ | ၉ | ၇ | | | ၃၁ | ၇ |
| ၈ | မီးသတ်ရုံဆောက်လုပ်ခြင်း | ၅ | ၃ | ၇ | ၉ | ၇ | | | ၃၁ | ၈ |

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ကျိန်းယန်းတုံကျေးရွာအုပ်စု၊ကျိန်းယန်းတုံကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းသည် ကျောက်လမ်းဖြစ်ပြီး လမ်းပျက်ခြင်းများဖြစ်ပေါ်နေခြင်း | ရွာတွင်းလမ်းမကောင်းခြင်း၊ | ကျေးရွာသူ/သားများ စိတ်အားထက်သန်မှုရှိကြခြင်း၊ | ငွေကြေးမတတ်နိုင်ခြင်း၊ | ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြခြင်း၊ | ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း |
| ၂ | ရွာပတ်လမ်းသည် ကျောက်လမ်းဖြစ်ပြီး လမ်းပျက်ခြင်းများဖြစ်ပေါ်နေခြင်း | ရွာတွင်းလမ်းမကောင်းခြင်း၊ | ကျေးရွာသူ/သားများ စိတ်အားထက်သန်မှုရှိကြခြင်း၊ | ငွေကြေးမတတ်နိုင်ခြင်း၊ | ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြခြင်း၊ | ကျေးရွာပတ်လမ်းဖောက်လုပ်ခြင်း |
| ၃ | ဘာသာရေးကိစ္စများဆောင်ရွက်ရန်ခက်ခဲခြင်း | နေရာအခက်အခဲဖြစ်ပေါ်ခြင်း၊ | လုပ်အားထည့်ဝင်နိုင်ခြင်း | ပူးပေါင်းပါဝင်မှုအားနည်းခြင်း | ကျေးရွာမှ အလှူငွေစုပေါင်းထည့်ဝင်ခြင်း၊ | ဓမ္မာရုံဆောက်လုပ်ခြင်း |
| ၄ | ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း | နေရာအခက်အခဲဖြစ်ပေါ်ခြင်း၊ | လုပ်အားထည့်ဝင်နိုင်ခြင်း | ငွေကြေးအင်အားမတတ်နိုင်ခြင်း၊ | ကျေးရွာမှ အလှူငွေစုပေါင်းထည့်ဝင်ခြင်း၊ | ဆေးပေးခန်းဆောက်လုပ်ခြင်း |
| ၅ | လူမှုရေးကိစ္စများဆောင်ရွက်ရန်ခက်ခဲခြင်း | နေရာအခက်အခဲဖြစ်ပေါ်ခြင်း၊ | လုပ်အားထည့်ဝင်နိုင်ခြင်း | ပူးပေါင်းပါဝင်မှုအားနည်းခြင်း | ကျေးရွာမှ အလှူငွေစုပေါင်းထည့်ဝင်ခြင်း၊ | ကျေးရွာခန်းမဆောက်လုပ်ခြင်း |
| ၆ | မိုးရွာသည့်အခါ ရေလျှံခြင်းများဖြစ်ပေါ်ခြင်း | ရေမြောင်းကျဉ်းခြင်း | ကျေးရွာမှလုပ်အားထည့်ဝင်နိုင်ခြင်း | ငွေကြေးမတတ်နိုင်ခြင်း | ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြခြင်း၊ | ရွာတွင်းလမ်းရေမြောင်းတူးဖော်ခြင်း |
| ၇ | လယ်ယာထွက်ကုန်များသယ်ယူရန်ကုန်ထုတ် လမ်းမရှိခြင်း | လယ်ယာထွက်ကုန်များသယ်ယူရန် အချိန်ကြာခြင်းကြောင့် ဈေးကွက်သို့ အလျှင်အမြန်မရောက်ရှိခြင်း | ကျေးရွာသူ/သားများ စိတ်အားထက်သန်မှုရှိကြခြင်း၊ | ငွေကြေးမတတ်နိုင်ခြင်း၊ | ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြခြင်း၊ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း |
| ၈ | မီးဘေးလုံခြုံရေးကိစ္စများဆောင်ရွက်ရန်ခက်ခဲခြင်း | နေရာအခက်အခဲဖြစ်ပေါ်ခြင်း၊ | လုပ်အားထည့်ဝင်နိုင်ခြင်း | ပူးပေါင်းပါဝင်မှုအားနည်းခြင်း | ကျေးရွာမှ အလှူငွေစုပေါင်းထည့်ဝင်ခြင်း၊ | မီးသတ်ရုံဆောက်လုပ်ခြင်း |

## အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

## မူဆယ်မြို့နယ်၊ကျိန်းယန်းတုံကျေးရွာအုပ်စု၊ကျိန်းယန်းတုံကျေးရွာ

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးရွာပတ်လမ်းဖောက်လုပ်ခြင်း | ၂ | | ✓ | | | |
| ၃ | မွေးရုံဆောက်လုပ်ခြင်း | ၃ | | | ✓ | | |
| ၄ | ဆေးပေးခန်းဆောက်လုပ်ခြင်း | ၄ | | | | ✓ | |
| ၅ | ကျေးရွာခန်းမဆောက်လုပ်ခြင်း | ၅ | | | | | ✓ |
| ၆ | ရွာတွင်းလမ်းရေမြောင်းတူးဖော်ခြင်း | ၆ | | | | | ✓ |
| ၇ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၇ | | | | | ✓ |
| ၈ | မီးသတ်ရုံဆောက်လုပ်ခြင်း | ၈ | | | | | ✓ |


S
E
W
N

နပ်အွမ်အုပ်မူ၊ နပ်အွမ်ဈေးဘွာ ရာသီခွင်ပြ ပြက္ခဒိန်

| စဉ် | လများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | စိုက်ပျိုးရေး | | | | | | | | | | | | |
| ၃ | ဝင်ငွေရရှိမှု | $$ | $$$$ | $$$$$ | $$$$$ | | | | $$$$ | | $$ | $$ | $$ |
| ၄ | အသုံးစရိတ် | | | $$$$ | $$$ | | | | | | | $$$$$ | |
| ၅ | သောက်သုံးရေရရှိမှု | | | | | | | | | | | | |
| ၆ | ကျန်းမာရေး | | | [illegible] | | | | [illegible] | | | | | |
| ၇ | တိရစ္ဆာန်ရောဂါကျရောက်မှု | | [illegible] | | | | | | | | | | |
| ၈ | ပွဲတော် | [illegible] | | | | | | | [illegible] | [illegible] | | | |
| ၉ | သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |

# Venn Diagram

## ကျေးရွာတွင်း/ပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးသည်ကိုအလေးထားမိလာကြပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့အပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များ၏အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုမျာအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူအရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလုပ်လာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်း၏များကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပြီးလက်တွေ့အကောင်အထည်ဖော်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်

ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများအဓိကပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ပထဝီအနေအထားနှင့်သဘာဝသံယဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် မူဆယ်မြို့နယ်နှင့် ( )မိုင်ခန့်ကွာဝေးပါသည်။ ဒေသတွင် စိုက်ပျိုးရေး လုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်ကြပြီး ရာသီဥတုမှာ မိုးများသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အသင့်အတင့်အထောက်အကူပြုသည်။

**(ခ)သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်မှလယ်ယာကိုသာအဓိကထားပြီးစိုက်ပျိုးကြပါသည်။ ကျေးရွာ တွင် သယံဇာတမထွက်ရှိပါ။ တောင်သူများတွင် စိမ့်စမ်းရေနှင့် ချောင်းရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

**၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၁၁၄)စု၊ ကျား(၂၄၆)၊ မ(၂၅၃)ရှိပြီး လူဦးရေစုစုပေါင်း(၄၉၉)ရှိပါသည်။ ကျောင်းနေအရွယ်ကလေးဦးရေ(၇၈)ယောက်ရှိပြီး စီးပွားရှာနိုင်သူဦးရေ (၃၆၉)ဦးရှိကြောင်း တွေ့ရှိရပါသည်။လူမှုစီးပွားရေးအခြေအနေ ကောင်းမွန်ပြီး သက်ကြီးရွယ်အို(၄၄)ဦး ရှိကြောင်း တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန် အားဖြင့် လျော့နည်းပါသည်။ ဆင်းရဲချမ်းသာသတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၅၇) အိမ် ထောင်စုမှာ မပြေလည်သူများဖြစ်ပြီး၊ အလယ်အလတ်ရှိအိမ်ထောင်စုမှာ(၅)ဦးဖြစ်ပြီး အလွန် အဆင် မပြေလည်သော အိမ်ထောင်စုမှာ(၅၁)ဦးရှိပါသည်။

ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင် မှုနှင့် စိမ့်စမ်းရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာ အရောင်းအဝယ်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ မပြေ လည်သောအိမ်ထောင်စုမှာ ကျေးရွာတွင်အလယ်အလတ်ဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုနည်းပြီး ရာသီအလိုက်လယ်ယာလုပ်ငန်းကိုသာ အဓိက ထားလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်ဆင်းရဲသည့် အိမ်ထောင်စုများကို လေ့လာဆန်းစစ်မှုအရ ယင်းတို့သည် လုပ်အားခကြိုယူပြီး စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။

ကျေးရွာအတွင်းတွင်အသက် (၆၀) နှစ်၊ အသက်(၆၀)အထက်သက်ကြီးရွယ်အိုများနှင့် မသန် စွမ်းသောပုဂ္ဂိုလ်များကို မိသားစုများကဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ မိသားစုဝင်ငွေနည်းပါးပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင်ရွာသာများနှင့် ကလေးငယ်များမှာ ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ရာသီအချိန်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုရှိကြောင်းတွေ့ရှိရသည်။ ကျေးရွာ သားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရှိကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် မူလတန်းကျောင်းအဆင့်သာရှိပြီး ရွာသား အများ စုသည် အခြေခံအရေး၊ အဖတ်အတွက်တတ်မြောက်မှု အသင့်အတင့်သာရှိပါသည်။ဘွဲ့ရပညာတတ် အရေအတွက် အလွန်နည်းပါးပြီးကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။

**(စ) ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိပြီး ကျား-မရေးရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထား ကြသည်။ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုခွဲခြား ဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားလျော့နည်းပြီး အုပ်ချုပ်ရေးအဖွဲ့အစည်း များတွင် အမျိုးသမီးများတက်ကြွစွာပါဝင်လှုပ်ရှားမှုရှိကြောင်းတွေ့ရှိရပါသည်။ ကျား-မတန်း တူညီ မျှမှုနှင့်ပါတ်သက်၍အသိပညာပေးခြင်း၊ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုအထောက်အပံ့ ဖြစ်လာ နိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူငယ်ယဉ်ကျေးမှုအဖွဲ့ရှိပြီး တက်ညီလက်ညီပူး ပေါင်းဆောင်ရွက်လျက်ရှိပါ သည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင် ပါမည်။

**(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊ပြောင်းဖူးနှင့် ကြံများကို အဓိကစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများမရရှိနိုင်သေးပါ။ တခါတရံတွင် မိုးများစွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ရတတ်ပါသည်။ ပြောင်းဖူး စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်မှုကို ပိုမိုတွေ့ရတက်ပြီး ယင်းဖျက်ပိုးများတိုက်ဖျက်ရန် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးစနစ်ကို လိုလားကြပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း အားအိမ်ထောင်စု (၃၂)စုမှ လုပ်ကိုင်ကြပြီး နွား၊ ဘဲ၊ ကြက်၊ ဝက်နှင့် ကျွဲများ မွေးမြူထားပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အဆင်ပြေရာအလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာအတွင်းရှိ ပြောင်းဖူးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့်မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်သည် မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် ရွာထဲမှ မိတ်ဆွေ၊ မိသားစုဝင်များထံမှ ချေးယူနိုင်ကြပါသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပါ။

ကျေးရွာမှ ဆင်းရဲသောအိမ်ထောင်စု အနည်းငယ်သာ ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက် ချေးယူကြပြီး အကြွေးများ များပြားမှုမရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ရွာသား အချို့မှာ ရေးတတ်ဖတ်တတ်ပြီး ကျောင်းတက်နှုန်းနည်းပါးကြပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ရှိပါသည်။

သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်ပြုလုပ်ထားပြီး တစ်နှစ်ပတ်လုံး သုံးစွဲနိုင်သော်လည်း နွေရာသီတွင်ရေရှားပါးမှုရှိပါသည်။ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကိုအုတ်ဖြင့်

ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးထရံဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ ကျေးရွာတွင် ယင်လုံအိမ်သာနှင့် တွင်းရှိအိမ်သာများသုံးစွဲကြပြီး မသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော ရောဂါများ ဖြစ်ပွားမှုနည်းပါးပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များလည်း ရိုးရာအကဖြင့်တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

**(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအားသတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိလမ်းများမှာ ကျောက်လမ်းများဖြစ်ပြီး အခြားလမ်းများမှာလည်း မြေသားလမ်းများဖြစ်ပါသည်။ ထော်လာဂျီများကိုသာ အများဆုံး အသုံးပြုကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၂၆)စီး၊ သုံးဘီးဆိုင်ကယ်(၁၂၆)စီး၊ စက်ဘီး(၃၈)စီး၊ ထော်လာဂျီ(၈၆)စီးနှင့် ကား(၇၀)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ရွာသားများသည် ရဲစခန်းသို့ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ**

ကျေးရွာတွင် တရုတ်မီးကိုသာ ဈေးကြီးပေးသုံးစွဲရပြီး မြို့ခြံချွေတာ သုံးစွဲရပါသည်။ ထင်း၊ မီးသွေးအသုံးပြုရသောကြောင့် သစ်တောပြုန်းတီးမှုမြင့်မားပါသည်။ ကျောင်းသူ/သားများအတွက် စာဖတ်ချိန်လေ့လာချိန်တွင်မီးလုံလောက်မှုမရှိပါ။

လူငယ်ပညာတတ်နည်းပါးပြီး လူဦးရေအားလုံး၏ပျမ်းမျှ(**၃၆၉**)**ဦး**မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် ဆေးကုသမှုများခံယူရန်အတွက်လည်း ကျေးရွာကျေးလက်ဆေးပေးခန်းသို့သွားရောက်ကုသကြပါသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လိုအပ်ချက်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့်ကောင်းမွန်သည်။တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်

ပေးနိုင်သည်။မိုးရွာသွန်းမှုမှာ ကြံနှင့်ပြောင်းဖူးသီးနှံများ စိုက်ပျိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအတွက် အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ဆောင်ရွက်ရမည်။

ပိုးသတ်ဆေးအချို့ကိုခံနိုင်သောဖျက်ပိုးများသည် ပြောင်းဖူးစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဆောင်ရွက်မှုနည်းပါးသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းအဖြစ် ဆောင်ရွက်နိုင်မှုအား အသိပညာနည်းပါးခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအားနည်းပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်တိုင်ပင်ညှိနှိုင်းပြီးငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

(က-၁)

ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂)

ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

(က-၃)

ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားကိုတိုးတက်လာစေရမည်။

**(က) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျွန်ုပ်တို့ကျေးရွာတွင် အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးအတွက် ခွဲဝေချထား အသုံးပြုပေးမည်။ အလားတူပင် ကျေးရွာတွင်စိုက်ပျိုးရေး၊ နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက်သက်ဆိုင်ရာနည်းပညာဌာနများ နှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထား သောနည်းပညာများကိုမျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်းကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုလုပ်ငန်းအားတိုးတက်စေမည်။

ကျေးရွာတွင်ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး ကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုရှိအောင် ဆောင်ရွက်သွားမည်။

ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**(ခ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်

**(ဂ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင်ပြောင်းဖူးအပြင်ကြံကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေး အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရရှိနိုင်အောင် ချိတ်ဆက်ဆောင်ရွက်သွားကြရမည်။

**(ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲသားတောင်သူများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျှောက် များပြားသည့် ချေးငွေလိုအပ်သည့် ကျေးရွာတွင်သမဝါယမအသင်း ဖွဲ့စည်းထား

ခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းကချေးငွေ လိုအပ်သူ ကျေးရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(င) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်း**

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင့်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ထမ်းဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာရေးတစ်ချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**၇။စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံကိန်း၊စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် ဆောင်ရွက်ရန်ဖော်ထုတ်ထားသည့် အချက်အလက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုမှ ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် အလုံးစုံ ပြည့်စုံနိုင်မှုမရှိနိုင်ပါ။ ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် နောက်ထပ်လိုအပ်လာမည့် လုပ်ငန်းစီမံချက်များ ပေါ်ပေါက်လာပါက နှစ်ပတ်လည်အစည်းအဝေးကျင်းပချိန်တွင် ပြုပြင်ပြောင်းလဲ၍ အရေးပါဆုံးသော လုပ်ငန်းအား ဦးစွာဆောင်ရွက်သွားကြမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြမ်းခြင်း**

စီမံကိန်း၊စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ် (functional classification) ဝန်ကြီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး

ငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြမ်းသိရှိစေရန် အထောက်အကူပြုသည်။

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာလူထုသည်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**၈။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

လုပ်ငန်းဆောင်ရွက်ရန် အမှန်တကယ်ကုန်ကျစရိတ်ငွေ စုစုပေါင်းကိုတွက်ချက်ပြီးထောက်ပံ့ငွေများအပြင် ကျေးရွာလူထုမှထည့်ဝင် ဆောင်ရွက်သွားမည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများလိုအပ်ပါသည်။ ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

**၉။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။၎င်းလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာလိုအပ်ပါမည်။ ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။၎င်းကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရပါမည်။

(ဃ)**ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိရမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ဥပမာအားဖြင့် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၀။စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများမှ တက်ကြွစွာအတူ ပူးပေါင်း ဆောင်ရွက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း**

ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှုနှင့်ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။စစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ် ဖြင့်ဆောင်ရွက်ပါမည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၄ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄ | ၁ | ၅ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၁၇ | ၃၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၁ | ၁၇ | ၃၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၄ | ၁၈၅ | ၃၆၉ | ၁ | ၁ |
